# ကိုရိုနာဗိုင်းရပ်စ်ရောဂါ (COVID-19) ဖြစ်ပွားသေဆုံးမှုမရှိစေရေး
# ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် မဖြစ်မနေလိုက်နာဆောင်ရွက်ရန်အချက်များ

နေ့စွဲ-၂၄-၅-၂၀၂၀

**မြန်မာနိုင်ငံတွင်ကိုရိုနာဗိုင်းရပ်စ်ရောဂါနှင့်ပတ်သက်၍ (၂၄-၅-၂၀၂၀)နေ့အထိ ရရှိထားသော အချက်အလက်များအရ -**

**(က)** ဓာတ်ခွဲအတည်ပြုရောဂါပိုးတွေ့ရှိထားသူ(၂၀၁)ဦးအနက်၊ သေဆုံးသူ (၆)ဦးရှိခဲ့ပြီး ပိုးတွေ့ရှိသူများ၏ (၆၁)ရာခိုင်နှုန်း စုစုပေါင်း(၁၂၁)ဦးသည် ရောဂါလက္ခဏာတစ်စုံတစ်ရာ ပြသခြင်းမရှိဘဲ ရောဂါပိုးရှိနေတာကိုတွေ့ရပါတယ်။ **ရောဂါလက္ခဏာပြသခြင်းမရှိတဲ့အတွက် မိမိအနားရှိ အမြင်အားဖြင့်နေကောင်းနေတဲ့သူများထံမှာလည်း ကိုရိုနာဗိုင်းရပ်စ်ပိုးရှိနေနိုင်ပါတယ်။**

**(ခ)** ကမ္ဘာပေါ်တွင် ကိုရိုနာဗိုင်းရပ်စ်ရောဂါဖြစ်ပွားသူ (၅.၄)သန်းကျော်ရှိပြီး **သေဆုံးသူ (၃သိန်း ၄သောင်း)ကျော်ရှိခဲ့ပြီးဖြစ်ရာ သေဆုံးသူအရေအတွက်ကလည်း အချိန်နဲ့အမျှ ဆက်လက်တိုးတက်လျက်ရှိနေပါတယ်။**

**(ဂ)** လတ်တလောအခြေအနေအရ မြန်မာပြည်တွင်းကူးစက်ပြန့်ပွားမှုတွေ ထပ်မံမတွေ့ရှိတော့ပေမယ့် **ပြည်ပမှဝင်ရောက်လာသူများထံ၌ ရောဂါပိုးတွေ့ရှိသူအလွန်များပြားလျက်ရှိနေတာကို တွေ့ရပါတယ်။** ဒါကြောင့် ပြန်လည်ဝင်ရောက်လာသူဖြစ်တဲ့ **မိမိကိုယ်တိုင်နဲ့ မိမိနဲ့အတူဝင်ရောက်လာသူတွေကလည်း ရောဂါပိုးသယ်ဆောင်လာသူ** ဖြစ်နေနိုင်ပါတယ်။

**(ဃ) နိုင်ငံတော်အစိုးရအနေနဲ့ နယ်စပ်ဂိတ်ပေါက်ကနေစပြီး** ပြည်သူလူထုအခြေပြု **ကွာရန်တင်းစင်တာများတွင်** နေထိုင်ရန်စီစဉ်ပေးခြင်း၊ **ရောဂါပိုးရှိ/မရှိ ဓာတ်ခွဲအတည်ပြု စစ်ဆေးပေးခြင်း၊** ကွာရန်တင်းကာလပြည့်မြောက်သည့်အခါ **ဆက်လက်၍ အိမ်တိုင်ရာရောက်ပို့ဆောင်ပေးခြင်း** စသည်တို့ကို ဆောင်ရွက်ပေးခြင်းသည် **မိမိတို့တွင်ပါလာနိုင်သည့်ရောဂါပိုးများအား မိမိမှတစ်ဆင့် မိသားစု၊ ရပ်ရွာဒေသအတွင်းသို့ ဝင်ရောက်ကူးစက်ပြန့်ပွားမှုမရှိစေရေး မိမိနိုင်ငံသားများအား စေတနာရှေ့ထားဆောင်ရွက်ပေးခြင်းဖြစ်ပါတယ်။**

**(င)** ဒါကြောင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ရောဂါကာကွယ်ရေးလမ်းညွှန်ချက်တွေကို **အိမ်အပြန်လမ်းတစ်လျှောက်၊ ကွာရန်တင်းကာလ(၂၁)ရက်နဲ့ အိမ်သို့ပြန်ရောက်ပြီး (၇)ရက် စုစုပေါင်း(၂၈)ရက်ကာလအတွင်းမှာ ကျန်းမာရေးအသိ၊ ကျန်းမာရေးသတိနဲ့ မပြစ်မနေ တိကျစွာလိုက်နာရမှာဖြစ်ပါတယ်။**

**(စ)** ပြန်လည်ဝင်ရောက်လာသူများသည် ရောဂါပိုးသယ်ဆောင်လာနိုင်တဲ့သူများ ဖြစ်နေနိုင်တဲ့အတွက် **ကျန်းမာရေးအသိ၊ ကျန်းမာရေးသတိရှေ့ထား၍ လိုက်နာဆောင်ရွက်ရန် အချက်များကို တိကျစွာလိုက်နာခြင်းမရှိပါက** မိမိတို့မြန်မာနိုင်ငံတွင်ရှိသည့် အရင်းအမြစ်များဖြင့် ထိန်းချုပ်၍မရနိုင်သည့် **ကြီးမားသောကိုရိုနာဗိုင်းရပ်စ်ရောဂါကူးစက်ပြန့်ပွားမှုကြီးအသွင် ဖြစ်လာနိုင်ကာ နိုင်ငံ၏စီးပွားရေးကိုလည်း ကြီးမားစွာထိခိုက်မည်ဖြစ်ပြီး မိမိတို့နိုင်ငံအနေဖြင့် နောက်ဆက်တွဲဆိုးကျိုးများစွာ ခံစားရမှာဖြစ်ပါတယ်။**

**(ဆ) သို့ဖြစ်ပါ၍ မိမိတို့နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ရောဂါကို အပြီးသတ် အမြန်ဆုံးထိန်းချုပ်နိုင်ရေးအတွက် ပြန်လည်ဝင်ရောက်လာသူများမှလည်း ကျန်းမာရေးအသိ၊ ကျန်းမာရေးသတိဖြင့် အပြည့်အဝပူးပေါင်းပါဝင် ကူညီပံ့ပိုးပေးကြရမှာဖြစ်ပါတယ်။**

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**